# မဲဇာတောသို့ ဒုတိယတခေါက်ပြန်ရောက်ရခြင်း

ကျွန်တော်တို့သည် မန္တလေးတွင် ကျင်းပသော လူထုဒေါ်အမာ၏ ၈၂ နှစ်မြောက် မွေးနေ့ပွဲသို့ တက်ရောက်ပြီးနောက် မန္တလေးမှ အင်းတော်နှင့် ကသာမြို့များသို့ ခရီးဆန့်ခဲ့ကြ၏။
ကျွန်တော်တို့ အဖွဲ့တွင် သခင်အုန်းမြင့် (တိုးတက်ရေး)နှင့် သခင်သိန်းမောင်(ဝါးခယ်မ)တို့လည်း ပါကြပါသည်။
မန္တလေးမှ မြစ်ကြီးနားသို့ ရထားဖြင့် ညနေ ၅ နာရီထွက်ခဲ့ရာ ညမှောင်စပျိုးချိန်တွင် ရွှေဘိုသို့ ရောက်သည်။ ရွှေဘိုမှ ထွက်လာကတည်းက အညာဆောင်း၏ အအေးဓါတ်က ပို၍ ကဲလာသည်။ အညာဆောင်း၏ အအေးဒဏ်ကို မခံနိုင်သဖြင့် ရထားပြူတင်းပေါက် တံခါးများကို ပိတ်၍ အနွေးထည်များ ဝတ်ကာ ကာကွယ်နေရသည်။ ရထားသည် မှောင်ကြီးမဲမဲတွင်တဘူတာရပ် တဘူတာထွက်ဖြင့် ခုတ်မောင်း လာခဲ့ရာ ကျွန်တော်လည်း မပျော်တချက် ပျော်တချက်ဖြင့် မှေး၍ လိုက်ပါလာခဲ့သည်။

မဲဇာတော

နံနက်လင်း၍ ရထားပြူတင်းပေါက် တံခါးများကို ဖွင့်ကြည့် လိုက်သောအခါ နန်းခမ်း၊ ဘုံချောင်း၊ မဲဇာ၊ ဆည်ရွာ စသော ဘူတာများကို တဘူတာပြီး တဘူတာ တွေ့ရသည်။ ဘေးပတ်ဝန်းကျင် တခုလုံး တွင်ကား နှင်းများဝေနေသည်။ ရထားပြူတင်းပေါက်မှ အဝေးသို့ မျှော်ကြည့် လိုက်သောအခါ ညို့နိုင်း အုံ့မှိုင်းနေသော သစ်တောကြီးများ၊ တောင်တန်းကြီးများကို မှုန်ဝါးဝါး တွေ့ရသည်။ မဲဇာတော၊ မဲဇာတောင်၊ မင်းဝံတောင်တန်းကြီးများဖြစ်ကြောင်း၊ ဘေးမှ ခရီးသည်တဦးက ပြောပြသည်။
ထိုတော ထိုတောင်တန်းများသည် ဒုတိယ ကမ္ဘာစစ်အတွင်းက သခင်ဗိုလ်၊ မန်းဝင်းမောင်တို့ ခေါင်းဆောင်သော ကျွန်တော်တို့ ရဲဘော်တစု ဖက်ဆစ်တော်လှန်ရေး တာဝန်ဖြင့် အိန္ဒိယသို့ သွားခဲ့ရာတွင် ကုန်းကြောင်းဖြတ်သန်း လျှောက်လှမ်းခဲ့ကြသော တောတောင်များပင် ဖြစ်၏။ ကျွန်တော်တို့သည် အဝေးတွင် မြင်နေရသော မဲဇာတော၊ မင်းဝံတောင်များကို ငေးမျှော်ကြည့်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က အဖြစ်အပျက်များကို တွေးတောနေမိခဲ့သည်။

အင်းတော်

မကြာခင်မှာပင် ကျွန်တော်တို့ စီးလာသော ရထားသည် အင်းတော်ဘူတာသို့ ဆိုက်သည်။ ဘူတာတွင် အင်းတော်မှ မိတ်ဆွေများက လာရောက်ကြိုဆိုပြီး ကျွန်တော်တို့ တည်းခိုရမည့် ဦးစောလှိုင် (ဗဟိုတရားရုံးရှေ့နေ)၏ အိမ်သို့ ခေါ်ဆောင်သွားသည်။ ဦးစောလှိုင်တို့ မိသားစုမှာ သဘောကောင်းပြီး အလွန်ဖော်ရွေသည်။ ကျွန်တော်တို့ အင်းတော်တွင် နေစဉ်အတွင်း ဧည့်ဝတ်ပြုကြသည်မှာ အားနာစရာပင် ကောင်းလှသည်။ ကျွန်တော်တို့ အဖွဲ့မှ သခင်သိန်းမောင် တယောက်သာ အင်းတော်၊ ကသာမြို့များသို့ ရာက်ဖူးပြီး ကျွန်တော်နှင့် သခင်အုန်းမြင့်မှာ တခါမှ မရောက်ဖူးပေ။
ကျွန်တော်သည် အင်းတော်သို့ မရောက်ဖူးသော်လည်း အင်းတော်ဆိုသော နာမည်ကိုကား ကြားဖူးနေ၏။ အင်းတော်အမည်ကို စ,ကြားဖူးသည်မှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်က ဖြစ်သည်။

ဝင်းဂိတ်၏ခရီးဝေးထိုးဖောက်ရေး

၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလလောက်က ဗြိတိသျှ စစ်တပ်မှ မေဂျာဂင်နရယ် ဝင်းဂိတ်သည် အင်အား ၃၀၀၀ ဖြင့် မြန်မာပြည် မြောက်ပိုင်းရှိ ဂျပန် အုပ်ချုပ်ထားသော နယ်မြေအတွင်း ခရီးဝေးထိုးဖောက်၍ ပြောက်ကျားစစ် ဆင်နွှဲခဲ့သည်။ ဝင်းဂိတ်၏ ရန်သူဂျပန်နယ်မြေအတွင်းသို့ ခရီးဝေးထိုးဖောက် တိုက်ခိုက်ရေး ရည်ရွယ်ချက်မှာ-
ရန်သူ၏ ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်ရန်အတွက် မန္တလေး-မြစ်ကြီးနား ရထားလမ်းနှင့် တံတားများကို ဖောက်ခွဲ ဖျက်ဆီးပစ်ရန်၊ ဂျပန်တို့ သိုလှောင်ထားသော ရိက္ခာနှင့် လက်နက်ကျည်ဆံများ သိုလှောင်ရေးစခန်းများကို ဖျက်ဆီးရန်၊ ရန်သူကို တိုက်ပွဲငယ်ကလေးများ ဆင်နွှဲပြီး အနှောက်အယှက်ပေးရန် တို့ဖြစ်သည်။
ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ဝင်းဂိတ်တပ်များသည် အင်းတော် ပတ်ဝန်းကျင် တဝိုက်တွင် စစ်ရေးလှုပ်ရှားမှုကို ပြုလုပ်ခဲ့သည်။ ကျွန်တော်တို့ ရထားစီးလာစဉ်က တွေ့ခဲ့ရသော နန်းခန်း၊ ဘုံချောင်း၊ မဲဇာ မီးရထားလမ်းများ၊ မဲဇာချောင်း တံတားများသည် ဝင်းဂိတ်တပ်များ ဖောက်ခွဲ ဖျက်ဆီးခဲ့ဖူးသော ရထားလမ်းများ၊ တံတားများပင် ဖြစ်သည်။ ဝင်းဂိတ်တပ်များသည် ထီးချိုင့်မြို့ထဲကိုပင် ဝင်ရောက်ခဲ့သေးသည်။
၁၉၄၄ ခုနှစ်ကလည်း ဝင်းဂိတ်၏ ခရီးဝေးထိုးဖောက်ရေး တပ်များသည် အင်းတော်၊ ဗန်းမော်၊ မိုးကောင်း တြိဂံနယ်မြေများအတွင်း လေထီးစစ်သားများ ဆင်းကာ ခံတပ်မြို့များ တည်ဆောက်၍ ခံတပ် စစ်ဆင်ရေးကို နောက်တကြိမ် ဆင်နွှဲခဲ့သေးသည်။ ထိုအကြိမ်တွင် ဝင်းဂိတ်တပ်များသည် အင်းတော်ကိုပင် အလစ်ဝင်ရောက် တိုက်ခိုက်ကာ ရိက္ခာနှင့်လက်နက်များ သိုလှောင်ရာ စခန်းများကို ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။ ထို့ကြောင့်လည်း အင်းတော်သည် ဝင်းဂိတ်၏ စစ်ရေးလှုပ်ရှားမှုကြောင့် စစ်အတွင်းက လူသိများပြီး ထင်ရှားသော မြို့လေးတမြို့ ဖြစ်လာသည်။
ထိုစဉ်က ကျွန်တော်တို့သည် အင်းတော်နှင့် အင်းတော်နယ်မြေအတွင်း လှုပ်ရှားနေသော ဝင်းဂိတ်၏ စစ်ရေးလှုပ်ရှာမှုသတင်းများကို တဆင့်စကား တဆင့်နားဖြင့် လည်းကောင်း၊ ထိုစဉ်က ထုတ်ဝေသော ဂျပန်စစ်တပ်က ချုပ်ကိုင်ထားသည့် မြန်မာသတင်းစာ များတွင် တစွန်းတစ ဖတ်ရသဖြင့် လည်းကောင်း၊ အင်းတော်ဆိုသော နာမည်ကို ကြားဖူးနေခြင်း ဖြစ်သည်။
အင်းတော်တွင် ရောက်နေစဉ်အတွင်း ဦးစောလှိုင်၊ ဦးညွန့်လွင် စသော မိတ်ဆွေများက အင်းတော် မှ တန်ခိုးကြီးဘုရားများကို လိုက်လံပို့ဆောင်၍ ဖူးမျှော်ကြည်ညိုစေသည်။ အင်းတော်လေးကန်ကို ကြည့်ရှုစေသည်။ ထီးချိုင့်မြို့ကိုလည်း လေ့လာရေးခရီးအဖြစ် ပို့ဆောင်ပေးသည်။ ထီးချိုင့်မြို့မှာ ဧရာဝတီ မြစ်

ကမ်းပေါ်တွင် တည်ရှိပြီး သာယာလှပသော မြို့ကလေးတမြို့ ဖြစ်သည်။ မန္တလေး-ထီးချိုင့် ကားလမ်း၊ မန္တလေး-ထီးချိုင့် သင်္ဘောလမ်းများ ပေါက်သဖြင့် စီးပွါးရေးလုပ်ငန်း ကောင်းမွန်သော ကြောင့်လည်း မြို့ကလေးမှာ စည်ကားနေသည်။

မဲဇာကမ်းမှလွမ်းစေတီများကို ပြုပြင်တည်ဆောက်သောဆရာတော်

ထီးချိုင့်မြို့သို့ ရောက်စဉ် တည်တောဆရာတော်အား သွားရောက်ဖူးမျှော်ကြသည်။ တည်တော ဆရာတော်မှာ သက်တော် ၈၀ ကျော်ပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းလျက်ပင် ရှိနေသေးသည်။
တည်တောဆရာတော်သည် စစ်ကြိုခေတ်က စာနယ်ဇင်းများတွင် 'ထီးချိုင့်နတ်ဆိုး' ကလောင် အမည်ဖြင့် ဆောင်းပါး၊ ကဗျာ၊ လေးချိုးများကို ရေးသားခဲ့သော ဆရာတော် ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားဘဝက 'ထီးချိုင့်နတ်ဆိုး' ၏ ကဗျာ ဆောင်းပါးများကို ဖတ်ခဲ့ရဖူးသည်။
လက်ဝဲသုန္ဒရ အမတ်ကြီး မင်းပြစ် မင်းဒဏ်ကြောင့် မဲဇာသို့ အပို့ခံခဲ့စဉ်အတွင်း စေတီပုထိုးများကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီများမှာ နှစ်ပေါင်း ၂၀၀ ကျော်လာခဲ့ပြီ ဖြစ်သည်။ သဘာဝ ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသော စေတီပုထိုးများကို ဆရာတော်က ဦးဆောင်၍ ပြုပြင် တည်ဆောက်နေသည်။ ယခုအခါ ဆရာတော်၏ ကောင်းမှုကြောင့် ထုံးဖြူဖွေးဖွေးနှင့် ကြည်ညိုသပ္ပါယ် ဖွယ် ကောင်းနေပါပြီ။
ဆရာတော်ရေးသော 'မင်းလက်ဝဲသုန္ဒရ၏ မဲဇာကမ်းမှ လွမ်းစေတီများ' အမည်ရှိ စာအုပ်ကို ကျွန်တော်တို့အား ဆရာတော်က လက်ဆောင်ပေးပါသည်။

ဂျုံးဂျုံးကျရွာ
ဦးစောလှိုင်နှင့် ဦးညွန့်လွင်တို့သည် ကျွန်တော့်အား ထီးချိုင့်သို့ ပို့ပြီးနောက် ကျွန်တော်သွားချင်သော မဲဇာတောမှ ဂျုံးဂျုံးကျရွာသို့လည်း ပို့ပေးသည်။ မဲဇာတောမှ ဂျုံးဂျုံးကျရွာကလေးသို့ သွားလိုခြင်း မှာ ဂျုံးဂျုံးကျရွာကလေးသည် ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် တနည်းမဟုတ် တနည်းဖြင့် ပါတ်သက်နေသော ရွာကလေး ဖြစ်သောကြောင့်ပင်။
၁၉၄၂ ခုနှစ်တွင် ဂျပန်တပ်များက မောင်းထုတ်လိုက်သဖြင့် အင်္ဂလိပ်တပ်များနှင့် တရုတ်တပ်များ ဒရောသောပါးနှင့် ဆုတ်ခွါထွက်ပြေး သွားခဲ့ရသည်။ ထိုသို့ ဆုတ်ခွါထွက်ခဲ့ရာတွင် ဖက်ဆစ် ဆန့်ကျင် ရေးသမားများ ဖြစ်သော ကိုသိန်းဖေ(ဦးသိန်းဖေမြင့်)၊ သခင်မြသွင် နှင့် သခင်ကျော်စိန် တို့သည် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် မဟာမိတ်များနှင့် ဆက်သွယ်မှုရယူရန် ချန်ကေရှိတ်တရုတ်တပ်များနှင့် လိုက်ပါသွားခဲ့ကြသည်။ ဤသို့ လိုက်ပါရာတွင် ချန်ကေရှိတ်တပ်များနှင့် ဆက်ဆံရေး အဆင်မပြေ သဖြင့် ဆက်၍မလိုက်တော့ပဲ လမ်းတဝက်မှနေ၍ ပြန်လည် ထွက်ပြေး ခဲ့ကြသည်။ တရုတ်တပ်မှ ထွက်ပြေးခဲ့ကြပြီးနောက် ပထမဆုံး ပုန်းအောင်း ရှောင်တိမ်းနေရသော ရွာမှာ ထိုဂျုံးဂျုံးကျ ရွာကလေးပင် ဖြစ်သည်။

ခေတ္တစတည်းချ
ထို့နောက် ၁၉၄၄ ခုနှစ်တွင်လည်း သခင်ဗိုလ် ခေါင်းဆောင်သော ကျွန်တော်တို့ ရဲဘော် ၉ ယောက် သည် ဖက်ဆစ်ဆန့်ကျင်ရေး တာဝန်ဖြင့် အိန္ဒိယသို့ ကုန်းကြောင်းခရီး သွားခဲ့ရာတွင် ခေတ္တစတည်းချ ခဲ့သော ရွာကလေးမှာလည်း ထိုဂျုံးဂျုံးကျ ရွာကလေးပင် ဖြစ်သည်။ သို့ဖြင့် မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျရွာကလေးတို့မှာ ကျွန်တော်တို့စိတ်ထဲတွင် အမြဲအမှတ်ရနေသဖြင့် ထိုနေရာ ထိုဒေသများသို့ သွားလိုနေခြင်း ဖြစ်သည်။ သွားသာ သွားလိုသည်။ ထို ဂျုံးဂျုံးကျ ရွာကလေးမှာ မဲဇာတောထဲတွင် ရှိပြီး လမ်းခရီးကလည်း ခက်ခဲကြမ်းတမ်းသဖြင့် ထိုရွာကလေးသို့ ပြန်ရောက်ဖို့ ဆိုသည်မှာ မလွယ်ကူဟု ထင်မှတ်ခဲ့သည်။ သို့သော် အင်းတော်နှင့် မဲဇာတောမှ ဂျုံးဂျုံးကျရွာကလေးတို့မှာ မော်တော်ကားလမ်း ပေါက်နေပြီ ဖြစ်သဖြင့် စစ်အတွင်းက ကျွန်တော်တို့ ရောက်ခဲ့စဉ်ကလောက် ခက်ခက်ခဲခဲ ပင်ပင်ပမ်းပမ်း မသွားရတော့ပေ။
ကျွန်တော်တို့သည် ကားကလေးဖြင့် အင်းတော်မှ နံနက်၉ နာရီထွက်ခဲ့ကြရာ ဂျုံးဂျုံးကျ ရွာကလေး သို့ နံနက် ၁၀ နာရီသာသာတွင် ရောက်သည်။
အင်းတော်နှင့် ဂျုံးဂျုံးကျ ရွာကလေးမှာ ကားဖြင့် တနာရီ ကျော်ကျော်သာ သွားခဲ့ရတော့သည်။

မဲဇာတောသို့ ဒုတိယတခေါက်

ကျွန်တော့်တသက်တွင် ဘယ်တော့မှ ပြန်ရောက်နိုင်တော့မည် မဟုတ်တော့ဟု ထင်မှတ်ခဲ့သော မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျ ရွာကလေးကို ဒုတိယအကြိမ် ရောက်ခဲ့ရပြန်သည်။ မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျရွာကလေးသို့ ပထမအကြိမ် ရောက်ခဲ့သည်မှာ စစ်အတွင်း ဂျပန်ခေတ်က ဖြစ်ပြီး ဖက်ဆစ်ဆန့်ကျင်ရေးတာဝန်ဖြင့် ရောက်ခဲ့ခြင်းဖြစ်သည်။
ရောက်ခဲ့ပုံမှာ ဤသို့ဖြစ်၏။ သခင်ဗိုလ်(မြန်မာပြည်တွင်းသို့ လေထီးနှင့် ဆင်းရန်အပြန်တွင် ဂျက်ဆိုးလေဆိပ်၌ လေယာဉ် မီးလောင်ပျက်ကျ၍ သေဆုံးခဲ့သူ)၊ မန်းဝင်းမောင် (သမတဟောင်း ဦးဝင်းမောင်-ကွယ်လွန်) တို့ခေါင်းဆောင်၍ ကိုကျော်ရင် (မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဟောင်း-ကွယ်လွန်)၊ ကိုချစ်ကောင်း(ဗိုလ်မှူးချစ်ကောင်း-တောတွင်းကျဆုံး)၊ ဗိုလ်ဘညွန့်(ပီကင်းပြန်-ကွယ်လွန်)၊ ကိုသန်း(ကွယ်လွန်) နှင့် ကျွန်တော်တို့သည် ဖက်ဆစ် ဆန့်ကျင်ရေး တာဝန်ဖြင့် အိန္ဒိယသို့ သွားရန် မန္တလေးသို့ ခရီးစခဲ့ကြသည်။
မန္တလေးမှတဆင့် အထက်ဗမာပြည်တိုင်းမှူး ဗိုလ်မှူးဗထူး၏ အစီအစဉ်ဖြင့် အိန္ဒိယသို့ ခရီးဆက်ကြသည်။ အိန္ဒိယသို့ ကသာ၊ မြစ်ကြီးနားနယ်များမှ ဖြတ်သွားရမည် ဖြစ်သဖြင့် ထိုနယ်များကို ကျွမ်းကျင်သော ဗိုလ်မှူးဗထူး၏ တပ်မှ ဗိုလ်လှဖေနှင့် တပ်သားမောင်ကျောက်တို့ကို လမ်းပြအဖြစ် ကျွန်တော်တို့နှင့် ထည့်ပေးလိုက်သည်။
ကျွန်နော်တို့ အဖွဲ့သည် စစ်ကိုင်းမှကောလင်းသို့ ရထားနှင့် သွားခဲ့ရပြီး ရထား ဆက်မထွက်နိုင်တော့ သဖြင့် ကောလင်းမှစ၍ ကျွန်တော်တို့သည် ကုန်းကြောင်း လျှောက်ခဲ့ကြရသည်။

တတောဝင်၊ တတောထွက်၊ တတောင်တက်၊ တတောင်ဆင်းဖြင့် ကုန်းကြောင်းလျှောက်ခဲ့ကြရာ ကသာနယ်မှ ဂဟဲဆိုသောရွာသို့ ရောက်သည်။ ရောက်သောအခါ ဗိုလ်မှူးဗထူး၏ လမ်းပြအဖြစ်ထည့် ပေးလိုက်သော ဗိုလ်လှဖေမှာ အပြင်းဖျားတော့သည်။ ဗိုလ်လှဖေအား ကျွန်တော်တို့တွင် ပါလာသော ဆေးဝါးများဖြင့် ကြိုးစားကုသကြသည်။ ပျောက်နိုးနိုးနှင့် စောင့်ကြည့်ကြသော်လည်း ရက်သာကြာ သွားသည်။ အဖျားကမသက်သာ။ သို့ကြောင့် ကျွန်တော်တို့သည် ကြာကြာမစောင့်နိုင်တော့ဘဲ ဗိုလ်လှဖေ အား သူ့အစ်မရှိရာ တကောင်းသို့ ပြန်ပို့ရန် စီစဉ်ခဲ့ကြသည်။ လူမမာကို မဲဇာချောင်း ကမ်းပေါ်ရှိ ဂျုံးဂျုံးကျွရွာကလေးသို့ ထမ်းစင်ဖြင့် သယ်ယူခဲ့ကြသည်။ ဂျုံးဂျုံးကျွရွာတွင် တရက်နှစ်ရက် နားပြီး စောင့်ကြည့်သေးသော်လည်း ထူးမလာသဖြင့် ရှေ့ခရီး ဆက်ရေး ကျွန်တော်တို့ ဆွေးနွေးကြသည်။ အိန္ဒိယသို့ အမြန်ဆုံးရောက်ဖို့ အရေးကြီးသဖြင့် လူနှစ်စုခွဲကာ တစုက အိန္ဒိယသို့ ဆက်လက် သွားခဲ့ကြပြီး တစုက လူမမာအား တကောင်းသို့ ပို့ရန် ဆုံးဖြတ်ကြသည်။

ထို့ကြောင့် သခင်ဗိုလ် ခေါင်းဆောင်၍ ကိုကျော်ရင်၊ ကိုဘညွန့်၊ ကိုသန်းနှင့် မောင်ကျောက်တို့က အိန္ဒိယသို့ ခရီးဆက်သွားရန် ဖြစ်သည်။ မန်းဝင်းမောင် ခေါင်းဆောင်၍ ကိုချစ်ကောင်းနှင့် ကျွန်တော်က ဗိုလ်လှဖေအား တကောင်းသို့ သွားပို့ကြရန် ဖြစ်သည်။

နောက်တနေ့တွင် လူစုခွဲကြသည်။ ရဲဘော်အားလုံး၏ မျက်နှာများတွင် စိတ်မကောင်းသည့် အမူအရာများ ပေါ်နေသည်။ သခင်ဗိုလ်တို့ အုပ်စု နံနက်ပိုင်းတွင် ခရီးထွက်သွားပြီးနောက် မန်းဝင်းမောင် ခေါင်းဆောင်သော ကျွန်တော်တို့အုပ်စုက ညနေပိုင်းတွင် ဝါးဖောင်တခုကို ဝယ်၍ ဖောင်ပေါ်တွင် လူမမာကို တင်ကာ ဂျုံးဂျုံးကျွ ရွာချောင်းဆိပ်မှ နေ၍ မဲဇာချောင်းအတိုင်း ဖောင်ဖြင့် မျှောခဲ့ကြသည်။ တညလုံး ဖောင်မျှောလာကြရာ ညနက်လေ ဆီးနှင်းများ တပေါက်ပေါက်ကျလာပြီး အအေးက လွန်ကဲလာသည်။ ကျွန်တော်တို့၏ စောင်များကိုလည်း လူမမာကို ခြုံပေးထားရသဖြင့် ကျွန်တော်တို့ တကိုယ်လုံးမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ ရေနွေးအိုးတည်၍ လက်ဖက်ရည် ကြမ်း ပူပူလေးသောက်ကာ အချမ်းကို ကာကွယ်နေကြရသည်။ ဖောင်ကို တအိအိနှင့် မျှောခဲ့ရာ နှစ်ရက်လောက် အကြာတွင် တကောင်းသို့ ရောက်ခဲ့သည်။

ရဲဘော်များကို အောက်မေ့သတိရခြင်း

ကျွန်တော်သည် ယခုတခေါက် ဂျုံးဂျုံးကျွရွာသို့ ရောက်သောအခါ ဝမ်းသာအားရစွာဖြင့် ရွာကလေးကို လှည့်ပတ်ကြည့်သည်။ ကျွန်တော်တို့ စတည်းချခဲ့သော အိမ်ကလေးကို ရှာဖွေကြည့်သည်။ ရွာမှ လူဟောင်းများကို စုံစမ်းကြည့်သည်။ ကျွန်တော်တို့ ဖောင်နှင့်မျှောခဲ့သော မဲဇာချောင်းကိုလည်း သွား၍ ကြည့်သည်။ စစ်အတွင်း ထိုရွာသို့ အတူသွားခဲ့ ရောက်ခဲ့ကြသည့် ရဲဘော်များနှင့်လည်း အဖြစ်အပျက် များမှာ တရေးရေး မြင်ယောင်လာမိပါသည်။ မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျွရွာကလေးများကို တွေ့ရသောအခါ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က အဖြစ်အပျက်များကို ပြန်လည် သတိရလာပြီး စိတ်ထဲတွင် ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရသည်။

ဝမ်းသာခြင်းမှာ ကျွန်တော်တသက်တွင် ဘယ်တော့မှ ပြန်ရောက်တော့မည် မဟုတ်ဟု ထင်မှတ်ခဲ့သော မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျွ ရွာကလေးကို မမျှော်လင့်ပဲ ပြန်ရောက်ခဲ့ရသောကြောင့် ဖြစ်သည်။

ဝမ်းနည်းခြင်းမှာ မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျွရွာကလေးသို့ ထိုစဉ်က ရောက်ခဲ့ကြသော ကွယ်လွန်သွားကြသည့် ရဲဘော်များကို အောက်မေ့တသ သတိရသောကြောင့် ဖြစ်သည်။

စစ်အတွင်းက ဤတော၊ ဤရွာကလေးသို့ ရောက်ခဲ့ကြသော ရဲဘော် ကိုးယောက်တွင် သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုကျော်ရင်၊ ကိုဘညွန့်၊ကိုချစ်ကောင်း၊ ကိုသန်း၊ မောင်ကျောက်တို့မှာ မရှိကြတော့ပေ။ ကွယ်လွန်ကုန်ကြပြီ။ ကျွန်တော်နှင့် ကိုလှဖေတို့ နှစ်ယောက်သာ အသက်မသေပဲ ကျန်ရှိတော့သည်။ ကွယ်လွန်သွားကြပြီ ဖြစ်သော ထိုရဲဘော်များကို ကျွန်တော်အောက်မေ့တသ သတိရသကဲ့သို့ သခင်အုန်းမြင့်နှင့် သခင်သိန်းမောင်တို့ကလည်း ထိုရဲဘော်များမှာ သူတို့နှင့် ခင်မင်ရင်းနှီးသော ရဲဘော်များ ဖြစ်ကြသဖြင့် အောက်မေ့တသ သတိရကြသည်။

ဂျုံးဂျုံးကျွရွာကလေးကို အားရအောင် လှည့်ပတ်ကြည့်ရှု ပြီးနောက် မခွဲချင် မခွါချင်ဖြင့် ထိုရွာ ကလေးမှ ခွဲခွါခဲ့ရသည်။ ခွဲခွါရသော်လည်း မဲဇာတော၊ မဲဇာချောင်းနှင့် ဂျုံးဂျုံးကျွရွာကလေးကိုကား ကျွန်တော့် စိတ်ထဲတွင် မေ့ပျောက်၍ မရဘဲ အမှတ်ရနေမည်သာ ဖြစ်ပါသတည်း။

လေထီးအုန်းမောင်
[မိုးဂျာနယ်၊ အတွဲ(၈)၊ အမှတ်(၂)၊ ၁၉၉၈ မတ်လ]